# သစ္စာရှိသော သာသနာပြုသူများ

YR C
NO. 26

**အလွတ်ကျမ်းချက်။ ။ ရှင်မဿဲခရစ်ဝင် ၁၀း၁၆**

**"တောခွေးစုထဲသို့ သိုးတို့ကို စေလွှတ်သကဲ့သို့ သင်တို့ကို ငါစေလွှတ်၏။ ထို့ကြောင့် သင်တို့သည် မြွေကဲ့သို့ လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက် ရှိကြလော့။"**





## တနင်္ဂနွေနေ့ | ဆဲလ်တစ်ခရစ်ယာန်ဘာသာ ၁

အေဒီ ၆၀၀ တွင် ပက်ထရစ် (Patrick) ကဲ့သို့ သာသနာပြုများ၏ သစ္စာရှိရှိလုပ်ဆောင်မှုကြောင့် (မူလအိုင်ယာလန်မှ) ဆဲလ်တစ် (ခေါ်) ယင်းလူမျိုး (Celtic) ခရစ်ယာန်ဘာသာသည် ဗြိတိသျှကျွန်းများအပါအဝင်၊ ဥရောပတစ်ခွင်သို့ ပျံ့နှံ့သွားခဲ့သည်။ ဤအရာသည် ရောမခရစ်ယာန်ဘာသာကိုသာ လိုလားသူများအား အကြီးအကျယ်စိတ်ပျက်စေခဲ့သည်။

ဆဲလ်တစ်ခရစ်ယာန်ဘာသာနှင့် ရောမခရစ်ယာန်ဘာသာသည် မတူပါ။ သူတို့က ကွဲပြားခြားနားသော အုတ်မြစ်ပေါ်တွင် တည်ဆောက်ခဲ့သည်၊ မတူညီကွဲပြားခြားနားစွာ လုပ်ဆောင်ခဲ့သည်၊ မတူညီကွဲပြားစွာ သင်ကြားခဲ့ကြသည်။ အချိန်တန်လျှင် ၎င်းတို့အကြား ပဋိပက္ခဖြစ်လိမ့်မည်မှာ သေချာသည်။

နောက်ဆုံးတွင် ပုပ်ရဟန်းမင်းကြီးဂရက်ဂိုရီ (Pope Gregory) သည် ဩဂုတ်စတင်း (Augustine) အမည်ရှိသော ဂိုဏ်းချုပ် ဘုန်းကြီးအား ဆဲလ်တစ်ကိုးကွယ်ဝတ်ပြုမှု ပျံ့နှံ့ခြင်းကို ရပ်တန့်စေရန် အင်္ဂလန်သို့ စေလွှတ်ခဲ့သည်။ ပက်ထရစ်နဲ့ သူ့နောက်လိုက်များက ဘာကြောင့်ဤမျှလောက်ထိတ်လန့်စရာဖြစ်ရသနည်း။ သူတို့သည် လူသတ်သမားများမဟုတ်ပေ၊ သူခိုးလည်းမဟုတ်ခဲ့ပေ။ သူတို့သည် လောဘမကြီးပေ။ တစ်စုံတစ်ခု ရှိခဲ့လျှင်ပင်၊ သူတို့သည် အလွန်ရက်ရောသောကြောင့် အပြစ်တင်စရာဖြစ်ကောင်းဖြစ်လိမ့်မည်။ ပြဿနာက အဘယ်နည်း။ မည်သည့် ကွဲပြားခြားနားမှုများ ရှိခဲ့သနည်း။

ရောမကို စိတ်အနှောင့်အယှက်အဖြစ်စေဆုံးဖြစ်သည့် ထိုကွဲပြားခြားနားချက်တစ်ခုမှာ သတ္တမနေ့ရက်၌ဥပုသ်စောင့်ခြင်းကိုဆဲလ်တစ်ခရစ်ယာန်များ လိုက်နာစောင့်ထိန်းခြင်းဖြစ်သည်။ အခြားကွဲပြားခြားနားမှုများမှာ သခင်ယေရှု၏ပကတိဒုတိယအကြိမ် ကြွလာခြင်းကို ယုံကြည်ပြီး ပညတ်တော်ဆယ်ပါးကိုနာခံရန် တောင်းဆိုခြင်း၊ မိမိတို့အကျင့်အားဖြင့် ကယ်တင်ခြင်းသို့ရောက်သည်ဟူသော အယူအဆကို ငြင်းပယ်ခြင်း၊ ရေနှစ်ခြင်းအားဖြင့် ဗတ္တိဇံခံခြင်းကို လက်တွေ့လုပ်ဆောင်ကျင့်သုံးခြင်းနှင့် ပုပ်ရဟန်းမင်းသည် အခြားသူများအားလုံးထက် ပို၍အရေးကြီးသည်ဟု အသိအမှတ်ပြုခြင်းကို ငြင်းပယ်ခြင်းတို့ ဖြစ်သည်။

ဤအရာများသည် ရောမကို စိတ်အနှောင့်အယှက်၊ စိတ်ဆိုးစေသော အချို့အရာများ ဖြစ်သည်။ နောက်ဆုံးတွင် ရောမသည် အောင်မြင်ခဲ့သည်။ ဝမ်းနည်းစရာမှာ၊ အေဒီ ၇၇၇ တွင် ဗြိတိသျှကျွန်းများရှိ နောက်ဆုံးဖွဲ့စည်းထားသည့် ဆဲလ်တစ်အသင်းတော်များသည် လှည့်စားခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းအားဖြင့် ပျောက်ကွယ်သွားသည်။

သို့သော်လည်း ဆဲလ်တစ်ခရစ်ယာန်ဘာသာ၏သွန်သင်ချက်များသည် လူတို့၏စိတ်ထဲမှ ပျောက်ကွယ်မသွားခဲ့ပါ။ ရောမ ကက်သလစ်အသင်းတော်သည် ဆဲလ်တစ်ဘာသာဟောင်းကို ကျင့်သုံးခဲ့ကြသူတို့အား နှစ်ပေါင်းရာနှင့်ချီ ဆက်လက်၍ ပြစ်တင်ရှုတ်ချ၍ နှိပ်စက်ညှဉ်းပန်းခဲ့သည်။ ထိုသို့ပင်၊ လူများတို့သည် ပက်ထရစ်နှင့် သူ၏ လုပ်ဖော်ဆောင်ဖက်များစွာ၏လုပ်ဆောင်မှုနှင့် သွန်သင်ချက်များကို ဆက်လက်လေးစားကြည်ညိုနေကြဆဲဖြစ်သည်။

ပက်ထရစ်သေဆုံးပြီး နှစ်ပေါင်းငါးရာခန့်အကြာတွင် အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ရောမသည် ဆဲလ်တစ် ခရစ်ယာန်သာသနာပြုများကို ပြစ်တင်ရှုတ်ချခြင်း ဆက်လက် မပြုနိုင်တော့ချေ။ ထိုသို့အစား၊ သူတို့သည် ဆဲလ်တစ်များကို "သူတော်စင်များ (Saints)" ဟု ခေါ်ဆိုခဲ့ကြသည်။ သို့သော် ဥပုသ်နေ့အကြောင်း သို့မဟုတ် အခြားကွဲပြားခြားနားမှုများအကြောင်းကို ဖော်ပြခြင်း မရှိတော့ပါ။ ထိုအစား၊ ရောမက ပက်ထရစ်သည် နဂါးများသတ်ပြီး ပုပ်ရဟန်းမင်းကိုဝတ်ပြုခြင်းအကြောင်း ဇာတ်လမ်းပုံပြင်များကို ထွင်ရေးခဲ့လေတော့သည်။

**လက်တွေ့ကျင့်သုံးရန်။** ရှေးအကျဆုံးမှတ်တမ်းများအရ၊ ပက်ထရစ်နှင့် ဆဲလ်လူစု (Celts)တို့သည် သမ္မာကျမ်းစာ၏အမှန်တရားကိုသာ သင်ကြားပေးနေဆဲဖြစ်သည်။ သို့သော် သမိုင်းအကြောင်းရေးသူများသည် လိမ်နိုင်သည်။ သမ္မာကျမ်းစာသမိုင်းသည် မှန်ကန်ပါ၏လား။ ဆာလံကျမ်း ၁၁၉း၁၆၀။ သင်ယုံကြည်သောအရာသည် သမ္မာကျမ်းစာနှင့်မကိုက်ညီကြောင်း သင်တွေ့ရှိပါက သင်ဘာလုပ်မည်နည်း။

## တနင်္လာနေ့ | အီတလီမြောက်ပိုင်းရှိ ခရစ်ယာန်များ ၂

ရှုရိပြည်အသင်းတော်၏လွှမ်းမိုးမှုသည် အရှေ့ဘက်သို့ တရုတ်၊ အိန္ဒိယတို့နှင့် အနောက်ဘက် ဂေါလ် (Gaul) (ယခု ပြင်သစ်) နှင့် အိုင်ယာလန်အထိ မည်ကဲ့သို့လွှမ်းမိုးသည်ကို ကျွန်ုပ်တို့လေ့လာခဲ့သည်။



ရောမကက်သလစ်အသင်းတော်သည် သခင်ယေရှုနှင့် တပည့်တော်များတည်ထောင်ခဲ့သော ကနဦးခရစ်ယာန်အသင်းတော်ကို ဆက်လက်လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ကြသည်။ ဝေါလ်ဒဲန်းဆီစ်တို့၏ အသင်းတော်သည် "မကြာသေးမီက" မှ မှားယွင်းသောအယူဝါဒများကို သွန်သင်နေသည်ဟု လူများယုံကြည်စေရန် သူတို့ ကြိုးစားခဲ့ကြသည်။ သို့သော် သခင်ယေရှုအချိန်က သူတို့ သင်ကြားပေးခဲ့သော စင်ကြယ်သောဧဝံဂေလိတရားကို ဝေါလ်ဒဲန်းဆီစ်များကသာ ရှာဖွေတွေ့ရှိနိုင်သည်။

သို့သော် မည်သည့်အမည်ဖြင့်ပင်ခေါ်ဆိုပါစေ ပြဿနာမရှိချေ။ ရောမမြို့ရှိအသင်းတော်သည် ဝေါလ်ဒဲန်းဆီစ်များကို ပြဿနာကောင်များ သို့မဟုတ် ပြဿနာဖြစ်အောင် ပြုလုပ်သူများနှင့် အယူမှားသူများ ဖြစ်ကြောင်း အမြဲစွပ်စွဲခဲ့လေ၏။ နှစ်ပေါင်းရာချီသော ကာလအတွင်း၊ ထောင်ပေါင်းများစွာသောဝေါလ်ဒဲန်းဆီစ်များကို တူညီသော "အမှားများ" ဖြင့် စစ်ဆေးခြင်း၊ စီရင်ခြင်းနှင့် ကွပ်မျက်ခြင်း လုပ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့အားလုံးသည် သမ္မာကျမ်းစာသွန်သင်ချက်အတိုင်း ယုံကြည်ပြီး အသက်ရှင်နေထိုင်ခဲ့သောကြောင့် ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** လူများသည် ကျွန်ုပ်တို့အကြောင်းစဉ်းစားသောအကြောင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာက ဘာပြောသနည်း။ ရှင်လုကာခရစ်ဝင် ၆း၂၆။

ယနေ့ကမ္ဘာ့အချို့နေရာများတွင် နှိပ်စက်ညှဉ်းပန်းမှုအဘယ်ကြောင့် ဤမျှနည်းပါးရသနည်း။ ရှင်ယောဟန်ခရစ်ဝင် ၇း၇။ ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၉ ဖြင့် နှိုင်းယှဉ်ပါ။

## သောကြာနေ့ | အံ့ဖွယ်လွတ်မြောက်ခြင်းများ ၆

ဝေါလ်ဒဲန်းဆီစ်တို့၏ အကြောင်းအရာအဖြစ်အပျက်များသည် အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းသော ထူးဆန်းသောသမိုင်းတွင် ပါဝင်သည်။ ပြင်သစ်နှင့် ရောမစစ်တပ်များသည် အကြိမ်ပေါင်းများစွာ သူတို့၏ချိုင့်ဝှမ်းများသို့ ရောက်ရှိခဲ့ကြပြီး၊ အယူမှားသူများအား တစ်ကြိမ်နှင့်တစ်ပြိုင်တည်းဖျက်ဆီးရန် ဆုံးဖြတ်ခဲ့ကြသည်။ ထောင်ပေါင်းများစွာသော သူတို့သည် ကရုဏာကင်းမဲ့စွာဖြင့် အသတ်ခံခဲ့ကြရသော်လည်း၊ ဘုရားသခင်သည် သူ၏အမှုတော်လုပ်ငန်းကို ဆက်လုပ်ရန်ကျန်ကြွင်းသော လူအနည်းငယ်ကို အမြဲကာကွယ်ပေးခဲ့သည်။



အကျော်ကြားဆုံး တိုက်ခိုက်မှုတစ်ခုမှာ ၁၄၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး၊ ၎င်းတွင် ကြီးမားသော စစ်တပ်တစ်တပ်သည် "ဗလိုဝစ်စ် Vallouise" (Louise မြစ်၏တောင်ကြားချိုင့်ဝှမ်း) မှ ဝေါလ်ဒဲန်းဆီစ်များကို လိုက်လံဖမ်းဆီးခဲ့ကြသည်။ ဘေးကင်းသော တောတောင်ချိုင့်ဝှမ်း၌ နေထိုင်သူသုံးထောင်သည် လုံခြုံရန်အတွက် ဂူကြီးတစ်ခုဆီသို့ ထွက်ပြေးခဲ့ကြသော်လည်း သူတို့၏ပုန်းခိုနေသောနေရာကို ရှာဖွေတွေ့ရှိခဲ့သည်။ စစ်သားများက လိုဏ်ဂူ၏တံခါးပေါက်မှ မီးခိုးငွေ့များသွင်းခြင်းအားဖြင့် သူတို့အားလုံးကို သတ်ပစ်ခဲ့လေသည်။

သူ၏အောင်မြင်မှုအပေါ်ကျေနပ်နှစ်သက်သော ပုပ်ရဟန်း မင်းကြီးကိုယ်စားလှယ်သည် သူ၏စစ်တပ်ကို နောက်တစ်ခုသော ချိုင့်ဝှမ်းဆီသို့ ချီတက်ကာသူ၏လုပ်ငန်းကိုပြီးအောင်လုပ်ရန် ဆုံးဖြတ်ခဲ့သည်။ ဤနေရာတွင်ရှိသော ဝေါလ်ဒဲန်းဆီစ်စ်များသည် ခုခံတိုက်ခိုက်မည့်အစား၊ ပြန်လည်ဆုတ်ခွာရန် ထပ်မံရွေးချယ်ခဲ့ကြပြီး၊ ပရာဒယ်လ်တော် (Pra del Tor) ဟု လူသိများသည့် မြင့်မားသော ကျောက်ဆောင်များထူထပ်သောရဲတိုက်သို့ တက်ခဲ့သည်။ သို့သော် တိုက်ခိုက်နေသောစစ်တပ်သည် ဆုတ်ခွာသွားခြင်းမရှိဘဲ သူတို့ နောက်သို့လိုက်၍၊ နေရာတစ်ခုအတွင်းထဲသို့ ကျရောက်ခဲ့လေ၏။

ပြေးနေရသောသူများက ဆုတောင်းခြင်းသည် သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်သာဖြစ်ကြောင်း သိရှိနားလည်ခဲ့ကြသည်။ စစ်တပ်သည် ကျဉ်းမြောင်းသောချောက်ကြီးတစ်လျှောက်ဖြတ်သန်းသွားသောအခါတွင်၊ တောင်ထိပ်ပေါ်၌ အဖြူရောင်တိမ်ငယ်တစ်ခု ပေါ်လာခဲ့သည်။ စစ်တပ်အတွက် ၎င်းသည် ဘာမျှ အဓိပ္ပာယ်မရှိပါ၊ သို့သော် ဝေါလ်ဒဲန်းဆီစ်စ်များအတွက်တော့ ၎င်းဟာ လွတ်မြောက်ခြင်းနိမိတ်လက္ခဏာတစ်ခု ဖြစ်သည်။

သူတို့ကြည့်နေသော တိမ်တိုက်ကြီးသည် လျင်မြန်စွာ ကြီးလာ၍ မှောင်မိုက်ဖြစ်လာပြီး၊ သူတို့၏ရန်သူများ တောင်ပေါ်သို့ တက်လာသော ချောက်ကြီးသို့ ဆင်းသွားလေ၏။ ရန်သူများသည် ထိုမှောင်မိုက်သောတိမ်ထုကြီးထဲ၌ ရှုန်းရင်းခတ်လေ၏။ ၎င်းကို ကြည့်နေရင်း သူတို့သည် ကျေးဇူးတင်အံ့အားသင့်မိခဲ့ကြလေသည်။ မကြာမီ စစ်တပ်သည် အမှောင်ထုထဲတွင်ပိတ်မိနေပြီး ရှေ့သို့ မချီတက်နိုင်တော့ပေ။ ဝေါလ်ဒဲန်းဆီစ်များသည် သူတို့၏အကျိုးအတွက် ဘုရားသခင်လုပ်ဆောင်ပေးသည်ကိုမြင်သောအခါ သူတို့၏ ရန်သူများကို တိုက်ခိုက်ခဲ့၏။ ဇဝေဇဝါရောထွေးမှုများနှင့် စိတ်ရှုပ်ထွေးမှုများနှင့်အတူ စစ်သားများသည် အချင်းချင်းတစ်ယောက်ကို တစ်ယောက်တိုက်ခိုက်ခဲ့ကြပြီး ချောက်ကမ်းပါးများအောက်ရှိ မြစ်အောက်ဘက်သို့ ကျဆင်းသွားလေသည်။ အနည်းငယ်သောသူတို့သာလျှင် လွတ်မြောက်ခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** ဟေဗြဲဩဝါဒစာ ၁၁း၃၂-၄၀ ကို ဖတ်ပါ။ ဝေါလ်ဒဲန်းဆီစ်များသည် ယုံကြည်ခြင်းရှိသော အခြားယောကျ်ားများ၊ မိန်းမများနှင့် စုပေါင်းခဲ့ကြလေသည်။ သင်သည် ဘုရားသခင်၏ယုံကြည်ခြင်း သူရဲကောင်းတစ်ယောက်ဖြစ်ချင်ပါသလား။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ဆဲလ်တစ် (Celtic) မစ်ရှင်ကျောင်းများမှ ကျောင်းသားများသည် ဧဝံဂေလိ သတင်းစကားကို ပြင်သစ်၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံများသို့ ယူဆောင်လာသည်နှင့်အမျှ ဥရောပသို့မည်သို့ ပြန်လည် ရောက်ရှိလာသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။

အီတလီမြောက်ပိုင်းရှိ လှပသော မီလန်မြို့ (Milan) သည် အ ရှေ့ဘက်ရှိအသင်းတော်များနှင့် ဥရောပရှိအသင်းတော်များ နှစ်ခုအကြားဆက်သွယ်ရာ ချိတ်စပ်မှု ဖြစ်လာခဲ့သည်။ ဤနေရာများမှ အသင်းတော်ခေါင်းဆောင်များသည် မီလန်မြို့၌ အကြိမ်ကြိမ်တွေ့ဆုံခဲ့ကြသည်။ ဤအ ရေးကြီးသောအစည်းအဝေးများ၏ လွှမ်းမိုးမှုသည် နှစ်ပေါင်းရာချီကြာခဲ့သည်။

သို့သော် ဝမ်းနည်းဖွယ်မှာ မီလန်၏ဂိုဏ်းချုပ်ဘုန်းတော်ကြီးဖြစ်သည့် အန့်ဘရို့စ် (Ambrose) ၌ သူလိုအပ်သော ရဲစွမ်းသတ္တိ သူ့ဆီမှာ မရှိခဲ့ပါ။ သူသည် မီလန်တွင် ဥပုသ်နေ့စောင့်ထိန်းပြီး၊ ရောမတွင်မူ တနင်္ဂနွေနေ့တွင် စောင့်ထိန်းကြောင်း ပြောကြားခဲ့သည်။ အန့်ဘရို့စ်ကို ဦးဆောင်ဦးရွက်ပြုလိုသော စစ်မှန်သောယုံကြည်သူများသည် သူ့ထက်သခင်ယေရှုအပေါ် ပို၍ သစ္စာရှိခဲ့ကြသည်။ အန့်ဘရို့စ်၏စံနမူနာသည် လိုက်နာရမည့်သူများအတွက် စိတ်ချလုံခြုံမှုရှိပါသလား။ ရှင်လုကာခရစ်ဝင် ၂၁း၁၊ ၁၆း ၁၀၊ ယောဘဝတ္ထု ၂၇း၈။

သို့သော် ဂိုဏ်းချုပ်ဘုန်းကြီး (bishop) ၏အားနည်းချက်ရှိသော်ငြားလည်း၊ အနှစ် ၄၀၀ ခန့်အကြာ (အေဒီ ၇၉၁) ၌ မီလန်ရှိလူမျိုးများသည် ဥပုသ်နေ့ကိုစောင့်ထိန်းနေဆဲဖြစ်သည်။ ကျွန်ုပ်တို့ အဘယ်သို့သိရသနည်း။ အကြောင်းမှာ ရောမကက်သလစ် အသင်းတော်သည် သူတို့အား ထိုဥပုသ်နေ့စောင့်ထိန်းခြင်းကို ရပ်တန့်ရန် အမိန့်ပေးနေသောကြောင့်ဖြစ်သည်။

ရောမအင်ပါယာဟောင်း၏ ကျန်ရှိနေသောအခြေအနေတွင် ပိုမိုဆိုးရွားလာသည်နှင့်အမျှ၊ မီလန်နှင့် အီတလီမြောက်ဘက်ပိုင်းရှိ အဲလ်ပ် (Alps) တောင်တန်းဒေသတို့သည် ကမ္ဘာ့အခြားဒေသများရှိယုံကြည်သူများနှင့် ဆက်သွယ်မှု သာ၍ နည်းပါးလာခဲ့လေသည်။ ထို့အပြင်၊ သူတို့သည် ရောမရှိအသင်းတော်မှလာသော အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ အန့်ဘရို့စ်ကို မကြိုက်သောသူများသည် အမှန်တရားကိုအလျှော့ပေးလိုက်လျောခြင်းမရှိဘဲ၊ အဲလ်ပ် (Alps) တောင်တန်းများသို့ ပိုမိုလုံခြုံမှုရှိရန်ဝေးလံစွာ ရွှေ့လျားသွားခဲ့သည်။

အေဒီ ၃၉၇ တွင် အန့်ဘရို့စ် သေဆုံးပြီးနှစ်အနည်းငယ်အကြာ၊ ဗိုင်ဂါးလင်းတီယပ်စ်လီယို (Vigilantius Leo) အမည်ရှိသော ဝေးလံကျယ်ပြန့်စွာခရီးသွားသည့်ကက်သလစ်အရာရှိသူတစ်ယောက်သည် ကြည်လင်သော ဩတ္တပ္ပစိတ်ဖြင့် ရိုမန်ကက်သလစ်အသင်းတော်၏လမ်းစဥ်ကို မလိုက်လျှောက်နိုင်ကြောင်း သတိပြုမိခဲ့သည်။ ထိုသို့အစား၊ သူသည် အဲလ်ပ်တောင်တန်းရှိ ခရစ်ယာန်ယုံကြည်သူများနှင့် ပူးပေါင်းခဲ့လေသည်။ မကြာခင်မှာပဲ၊ သူ၏ရေးသားသောစာများက သူ့ကိုအထင်ရှားဆုံးဖြစ်စေခဲ့ပြီး၊ တောင်ပေါ်မှာရှိသည့် "အယူမှားသူများ" ကို မုန်းတီးစေခဲ့သည်။



**လက်တွေ့ကျင့်သုံးရန်။** ဗိုင်ဂါးလင်းတီယပ်စ်မှာ သူ့အားအသင်းတော်ထဲ၌ "အောင်မြင်မှု" ရစေနိုင်သည့် ငွေ၊ ရာထူး၊ ပညာနှင့် မိတ်ဆွေအပေါင်းအသင်းများ ရှိခဲ့သည်။ သခင်ယေရှု၏စစ်မှန်သောအသင်းတော်နှင့် ပူးပေါင်းရန် ထိုအရာအားလုံးကို သူဘာကြောင့် စွန့်လွှတ်ခဲ့သနည်း။ ဟေဗြဲဩဝါဒစာ ၁၁း ၂၄ - ၂၇၊ ဆာလံကျမ်း ၈၄း၁၀။

## အင်္ဂါနေ့ | ဗိုင်ဂါးလင်းတီယပ်စ်လီယို ၃

ဗိုင်ဂါးလင်းတီယပ်စ်လီယိုသည် သူရေးသားခဲ့သောစာများကြောင့် ကျော်ကြားခဲ့သော်လည်း၊ ယနေ့သူ၏အရေးအသားများကို စာအုပ်တစ်အုပ်အဖြစ်သော်လည်းကောင်း၊ ဝေစာတစ်စောင်အဖြစ်သော်လည်းကောင်း၊ စာပိုဒ်တစ်ပိုဒ်အဖြစ်သော်လည်းကောင်း၊ စကားလုံးတစ်လုံးအဖြစ်လည်းကောင်း ကျွန်ုပ်တို့ မတွေ့ရှိပါ။ သို့သော် သူသည် ရိုမန်ကက်သလစ်ဘာသာ၏အစိတ်အပိုင်းတစ်ခု ဖြစ်လာသော အယူမှားဓလေ့ထုံးစံများကို သူဆန့်ကျင်ခဲ့သည်ကို ကျွန်ုပ်တို့သိရပါသည်။ ခရစ်ယာန်များသည် "သူတော်စင်" တို့၏ အရိုးများကို ဝတ်ပြုမကိုးကွယ်သင့်ကြောင်း၊ သေဆုံးသောသူများအတွက် ဆုတောင်းပေးသင့်သည်ဟု သမ္မာကျမ်းစာက မသွန်သင်ထားကြောင်းကို သူပြသခဲ့သည်။ သူသည် အသင်းတော်၌ သူတို့၏နံ့သာမီးရှို့ခြင်းအားဖြင့် ဘုရားသခင်ကို စိတ်မပြေနိုင်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

ဤအရာများအားလုံးကို ကျွန်ုပ်တို့သည် အဘယ်သို့သိရှိရသနည်း။ အဘယ်ကြောင့်ဆိုသော် ဗိုင်ဂါးလင်းတီယပ်စ် (Vigilantius) သည် ဤအချက်များအားလုံးအပေါ် မှားယွင်းနေသည်ဟု ကက်သလစ်ပညာရှင် ဂျရုမ်း (Jerome) အမည်ရှိသောသူက အလွန်ပြင်းထန်သော စကားအသုံးအနှုန်းများဖြင့် ထပ်ခါတလဲလဲ ပြောခဲ့သောကြောင့်ဖြစ်သည်။

ဗိုင်ဂါးလင်းတီယပ်စ်သည်လည်း သမ္မာကျမ်းစာက သင်းထောက်များနှင့် အကြီးအကဲများကို လက်ထပ်ခြင်းအကြောင်း ပြောဆိုထားသည်ကို ထောက်ပြခဲ့သည်။ တိမောသေဩဝါဒစာ ပဌမစောင် ၃း၁၂။ အသင်းတော်ဘုန်းတော်ကြီးများသည် လက်မထပ်နိုင်ဟုလည်း သူပြောဆိုသောကြောင့် အထူးသဖြင့် ၎င်းသည် ဂျရုမ်းကို ဒေါသထွက်စေခဲ့သည်။ သမ္မာကျမ်းစာပြောဆိုချက်များမှလွဲ၍ ဂျရုမ်း၏ စိတ်ကူးအထင်အမြင်သည် နောက်ဆုံးတွင် ရိုမန်ကက်သလစ်ဘုန်းတော်ကြီးများအတွက် တရားဝင်စည်းမျဥ်းဖြစ်လာခဲ့သည်။ ၎င်းသည် ယခုလည်း ရှိနေဆဲဖြစ်ပါသည်။

ကက်သလစ်အသင်းတော်သည် ဗိုင်ဂါးလင်းတီယပ်စ်ရေးသားချက်များကို တမင်တကာဖျက်ဆီးနေစဥ်၊ သူတို့သည် ဂျရုမ်း၏စာပေများကို အသေအချာစုထားခဲ့သည်။ ထောင်နှင့်ချီသော တန်ဖိုးမဖြတ်နိုင်သောစာမူများနှင့်အတူ ရှုရိပြည်အသင်းတော်များသည်သာ ၎င်းကို ထိန်းသိမ်းထားသည်။ သို့ပေမယ့်၊ ဘယ်သူမှ သူ့(ဗိုင်ဂါးလင်းတီယပ်စ်) ဩဇာလွှမ်းမိုးမှုကို အဲလ်ပ်ပြည်သူတွေကြားမှာ မဖျက်ဆီးနိုင်ခဲ့ပေ။ သူသည် သူတို့အတွက် အလွန်ကောင်းသော အကူအညီတစ်ခုဖြစ်ခဲ့ပြီး၊ ထပ်မံ၍ များစွာသောသူများကိုပါ သူတို့ထဲသို့ ဝင်လာစေခဲ့သည်။ ထို့နောက် ရောမကက်သလစ်များသည် ဗိုင်ဂါးလင်းတီယပ်စ်၏ဒုတိယအမည်ကို ယူကာ သူတို့အားလုံးကို "လီယိုနစ်စ် (Leonists)" ဟု စတင်ခေါ်ဆိုခဲ့သည်။



ရာစုနှစ်များတစ်လျှောက်၊ ဤအဲလ်ပ် (Alps)ရှိ ပြည်သူပြည်သားများနှင့် သူတို့၏သားစဥ်မြေးဆက်များသည် အမည်အမျိုးမျိုးဖြင့် ခေါ်ဆိုခြင်းခံရကြလိမ့်မည်။ ထိုအထဲမှအများစုမှာ စော်ကားခံရဖို့ ရည်ရွယ်ခဲ့သော်လည်း၊ သစ္စာရှိသောသူများက ဘာမှဂရုမစိုက်ခဲ့ကြချေ။ ခရစ်ယာန်များဟူသော အမှန်တကယ်အရေးပါသောအမည်တစ်ခုနှင့် ထိုက်တန်သောအသက်တာဖြင့် သူတို့အတတ်နိုင်ဆုံး ရိုးရှင်းစွာကြိုးစားအသက်ရှင်ခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် အမှန်တရားကိုချစ်မြတ်နိုးခြင်း (သို့) စာတန်၏မုသာများကို နှစ်သက်ကြသည်။ သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၂း၁၀၊ ၁၁။ ကျွန်ုပ်တို့၏စိတ်နှလုံးများသည် စာတန်၏အကြံပေးချက်များကို အလို အလျောက်လက်ခံစေပြီး သန့်ရှင်းသောဝိညာဥ်တော်သည်သာ အမှန်တရားကို ချစ်မြတ်နိုးရန် ကျွန်ုပ်တို့အား ကူညီပေးနိုင်ပါသည်။

## ဗုဒ္ဓဟူးနေ့ | သာသနာပြု ကုန်သည်များ ၄

"လီယိုနစ်စ် (Leonists)" ၏နောက်ထပ်အမည်မှာ "ဗင်လန့်ဇက်စ် (Vallenses)" သို့မဟုတ် ချိုင့်ဝှမ်းတွင်နေထိုင်သူများဟု ခေါ်ကြသည်။ အကြောင်းမှာ သူတို့ထဲမှ များစွာသောသူတို့သည် ဘေးကင်းလုံခြုံမှုအတွက် တောင်ကြားချိုင့်ဝှမ်းတွင် နေထိုင်ခဲ့ကြသောကြောင့် ဖြစ်သည်။ သို့သော် သူတို့သည် မိမိတို့ချစ်သော ဧဝံဂေလိတရား ငြင်းပယ်ခြင်းခံရစဥ်အချိန် ချိုင့်ဝှမ်း၌သာနေထိုင်လိုကြခြင်း သက်သက် မဟုတ်ပါ။

အစဥ်မပြတ်သာသနာပြုသူများစွာတို့သည် ချိုင့်ဝှမ်းများမှ မြေပြင်ဒေသများသို့ ပတ်လည်သွားခဲ့ကြသည်။ သူတို့သည် လူငယ်များကို သာသနာပြုအတွေ့အကြုံရှိသော လူကြီးများနှင့်တွဲ၍ အများအားဖြင့် နှစ်ယောက်တစ်တွဲ သွားခဲ့ကြသည်။ တစ်ခါတစ်ရံ လူငယ်များသည် ပြင်သစ်နိုင်ငံ၊ ပဲရစ်သို့သွားပြီး၊ ထိုအရပ်၌ရှိသောတက္ကသိုလ်တွင် ပညာသင်ကြားလိုကြသည်။ အကြောင်းမှာ သူတို့သည် ဘုရားသခင်၏နိယာမတရားများကို မကျင့်သုံးသောကျောင်းသည် အန္တရာယ်ရှိသည့်ရန်သူဖြစ်ကြောင်း အတွေ့အကြုံမှ သူတို့သိထားကြသောကြောင့် ဤအရာသည် ကြီးမားသော သတိတစ်ခုဖြစ်သည်။

သမ္မာကျမ်းစာကို ဂရုတစိုက်လေ့လာခြင်းသည် သူတို့ကို ဘုရားသခင်က မည်သည့်အမှုများလုပ်ဆောင်ရန်အတွက် ခေါ်တော်မူခြင်းကို အဆင်သင့်ဖြစ်စေရန် အလွန်အရေးကြီးသောအခန်းကဏ္ဍတစ်ခုဖြစ်သည်။ တောတောင်ချိုင့်ဝှမ်း၌ရှိသောကျောင်းများတွင်မူ အမျိုးသားများနှင့် အမျိုးသမီးများ နှစ်မျိုးစလုံးသည် စာဖတ်တတ်ရန်၊ ရေးတတ်ရန်သာ သင်ကြားခဲ့ကြသည်။

သူတို့သည် ရှည်လျားသောကျမ်းပိုဒ်များကိုအလွတ်ကျက်လိမ့်မည်။ ထို့ကြောင့် အကယ်၍ အုပ်စုများတွင် မကြာခဏရေးသားထားသည့် ကျမ်းစာမိတ္တူများ ပျောက်ဆုံးသွားပါက၊ ၎င်းကို သူတို့၏မှတ်ဥာဏ်မှ ပြန်ထုတ်ပေးနိုင်မည် ဖြစ်သည်။

သူတို့သည် ဘယ်နေရာကိုသွားသည်ဖြစ်စေ၊ သူတို့သည် သတိထားဂရုစိုက်ရမည်ဖြစ်ကြောင်း သူတို့သိခဲ့၏။ မှားယွင်းသော အချိန်၌ဖြစ်စေ၊ နေရာ၌ဖြစ်စေ၊ ပြောသောစကားလုံးတစ်လုံးသည် သူတို့၏အသက်များကို အလွယ်တကူ ဆုံးရှုံးစေနိုင်ပါသည်။ အမှန်မှာ၊ သူတို့၏သာသနာပြုလေးပုံတစ်ပုံနီးပါးသည် ဖမ်းဆီးခံရပြီး သတ်ဖြတ်ခံခဲ့ရသည်ဟု မှန်းဆရပါသည်။ သို့သော် သူတို့သည် သွားနေဆဲဖြစ်သည်။ ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၂၊ ၁၃၊ ၁၈ - ၂၀။

ထို ချိုင့်ဝှမ်း၌နေသောချိုင့်ဝှမ်းသား (Vallensian) သာသနာပြုများသည် သူတို့၏ကုန်ပစ္စည်းများကို တစ်ရွာမှတစ်ရွာသို့ သယ်ဆောင်ကာ နယ်လှည့်ကုန်သည်များအဖြစ် မကြာခဏထွက်ခဲ့ကြသည်။ သို့သော် ဈေးကြီးများထဲသို့ သူတို့တင်ပို့သောအထည် သို့မဟုတ် အသုံးအဆောင်များထက် ပို၍တန်ဖိုးရှိသောအရာမှာ ကျမ်းပိုဒ်ငယ်များ ဖြစ်သည်။ ၎င်းတို့ကို ဂရုတစိုက် အသေအချာ ရေးသားထား၍ ဖုံးကွယ်ဝှက်ထားလေ့ရှိပြီး၊ မကြာခဏ သူတို့အဝတ်အစားအချို့၏လျှို့ဝှက်အိတ်ထဲတွင် ထည့်ထားသည်။ လက်ခံနိုင်သောစိတ်နှလုံးသားရှိပုံရသော လူတစ်စုံတစ်ဦးကို သူတို့တွေ့ရှိသည့်အခါ ၎င်းသည် ဘေးကင်းလုံခြုံမှုရှိလျှင် ဘုရားသခင်၏နှုတ်ကပတ်တော်တစ်ပိုင်းကို သူတို့ပေးကမ်းလိုက်၏။ လူအများစုအတွက် ၎င်းသည် ရွှေငွေရတနာထက် ပို၍ ရှားပါးပါသည်။ ဆုတောင်းပြီးနောက်၊ သမ္မာကျမ်းစာ၏အမှန်တရားတချို့ကို အတိုချုပ်ရှင်းပြပြီး၊ ထို့နောက် သာသနာပြုများသည် နောက်ထပ်မြို့တစ်မြို့ကို ဆက်သွားခဲ့ကြတော့သည်။

ဤနည်းအားဖြင့် လွန်ခဲ့သောနှစ်ပေါင်းရာချီသော ဥရောပနေရာအတော်များများတွင်၊ အမှန်တကယ် ပြုပြင်ပြောင်းလဲမှုများကြောင့် ပြန်လည်တည်ထောင်ခြင်းအဖြစ် ကျွန်ုပ်တို့ မကြာခဏစဥ်းစားခဲ့သည့် အမှန်တရားများကို အမှန်တကယ်တွေ့ရှိခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** သင်၌ ကိုယ်ပိုင်ကျမ်းစာအုပ်တစ်အုပ် ရှိပါသလား။ များစွာသောအိမ်များ၌ စာအုပ်စင်များပေါ်တွင် များစွာသော ကျမ်းစာအုပ်များကို လွယ်ကူစွာ တွေ့နိုင်လိမ့်မည်။ ဤအရာသည် အလွန်အံ့ဩဖွယ်သောကောင်းကြီးမင်္ဂလာဖြစ်သည်။ သို့သော် ထိုသမ္မာကျမ်းစာ၌ရှိသောအကြောင်းအရာများကို မဖတ်၊ မလေ့လာပါက၊ ၎င်းသည် ကျွန်ုပ်တို့အတွက် ကောင်းကြီးမင်္ဂလာ ဖြစ်လာမည် မဟုတ်ချေ။

## ကြာသပတေးနေ့ | ဝေါလ်ဒဲန်းဆီစ် (The Waldenses) ၅

ချိုင့်ဝှမ်း၌နေထိုင်သူ (Vallensian) တို့၏သာသနာပြုများသည် ပြင်သစ်နိုင်ငံအရှေ့တောင်ပိုင်းနှင့် အီတလီမြောက်ပိုင်းတို့တွင် အကြီးမားဆုံးဩဇာလွှမ်းမိုးမှုရှိခဲ့သည်။ သို့သော် သူတို့၏ဩဇာလွှမ်းမိုးမှုသည် မကြာခဏ ပို၍ဝေးကွာသွားသည်။ သူတို့သည် မတူညီသောနိုင်ငံများတွင် လုပ်ဆောင်ခဲ့ကြပြီး၊ မတူညီသောနာမည်အမျိုးမျိုးခေါ်ခြင်းခံခဲ့ရသည်။ အမှန်မှာ၊ သမ္မာကျမ်းစာအမှန်တရားကို ဟောပြောခဲ့ကြသော ဤသာ သနာပြုများကို နာမည်များစွာဖြင့်ခေါ်ဆိုခဲ့ခြင်းကြောင့်ဖြစ်ပြီး၊ ၎င်းသည် ရှုပ်ထွေးစေနိုင်ခဲ့သည်။ ယနေ့ သူတို့ကို ဝေါလ်ဒဲန်းဆီစ် (Waldenses) ဟု လူသိများကြသည်။

အထူးသဖြင့် အေဒီ ၁၂၀၀ ပြည့်လွန်နှစ်များအကြာတွင်၊ ဝေါလ်ဒဲန်းဆီစ်များသည် ပီတာဝေါ့ဒ် (Peter Waldo) သေဆုံးပြီးနောက် ပေးထားသောအမည်ဖြစ်သည်ဟု ရှင်းပြထားသည်။ တနည်းအားဖြင့် ဝေါလ်ဒဲန်းဆီစ်များသည် ပီတာဝေါ့ဒ်၏အမည်ကို ရှင်းပြခြင်းဖြစ်သည်။ ပီတာဝေါ့ဒ်သည် ချမ်းသာကြွယ်ဝသောကုန်သည်တစ်ဦးဖြစ်ပြီး၊ ဘုရားသခင်၏အမှုတော်လုပ်ငန်းအတွက် သူ၏ငွေနှင့် ခွန်အားကို ပေးခဲ့သည်။ အထူးသဖြင့် ဝေါလ်ဒဲန်းဆီယန်လက်တင် (Waldensian Latin) ကျမ်းစာကို ထိုအချိန်က အမျိုးမျိုးသော ဘာသာစကားများသို့၊ ထို့နောက် အသုံးများသောဘာ သာစကားများသို့ ဘာသာပြန်ဆိုခြင်းနှင့် ကူးယူခြင်းကိုသာ သူအထူးအားပေးခဲ့သည်။ သို့သော် ပီတာဝေါ့ဒ်သည် "မှားယွင်းသောအယူဝါဒ" ၏ရင်းမြစ်မဟုတ်ခဲ့ပါ။ ပီတာဝေါ့ဒ် အသက်ရှင်မနေထိုင်မီ နှစ်ပေါင်းတစ်ထောင်ကျော်က တည်ကြည်သစ္စာရှိသောခရစ်ယာန်များသည် ယေရှုခရစ်တော်ခေတ်မှ တူညီသော သမ္မာကျမ်းစာ အမှန်တရားများကို သင်ကြားပေးခဲ့သည်။